# အမျိုးသားလုံခြုံရေးကော်မီတီပေါ်ပေါက်လာပုံ

ချင်းအမျိုးသားတပ်ဦး၏ နိုင်ငံခြားရေးတာဝန်ခံ ပူးရောဂျာနှင့် ဗိုလ်မှူးဇင်ကျူးတို့နှစ်ဦးက ၁၉၉၂–ခုနှစ်၊ နိုဝင်ဘာလအတွင်း ကျင်းပပြုလုပ်သော ကက်ဘိနက်အတွင်းအဝေးသို့ ခေတ္တခဏ ဥက္ကဌ ပူးရေျ ခေါ်ကင်ထန်း အပေါ် အောက်ပါ စွဲချက်များကို တင်ထားပါသည်။

(က) မိမိအားတပ်ဦးမှ တာဝန်ပေးချက်အရ ကချင်ပြည်၊ ကချင်လွတ်မြောက်ရေးအဖွဲ့အစည်း (KIO) ဗဟိုဌာနချုပ်၌ နေထိုင် စဉ်– Alexander အားဗိုလ်မှူးအဆင့်ရာထူးခန့်အပ်ကြောင်း (အင်္ဂလိပ်စာဖြင့်) ကြေးနန်းစာတစောင် ဗိုလ် ချုပ် ဇော်မိုင်သို့ပေးပို့ခဲ့သည်။ ဗိုလ်ချုပ်ဇော်မိုင်က မိမိအားငင်း ကြေးနန်းစာကိုပြသသည်။ ၎င်းစာတွင်မည်သူ ကိုမှ မသိစေရ ကွင်းစကွင်းပိတ်ဖြင့် ( Roger) ဟုရေးသားခဲ့သည်။ ၎င်းအချက်ကို ပါတီအဖွဲ့အစည်း ကိုသာမက မိမိ၏ ဂုဏ် သိက္ခာပါထိခိုက်သည်ဟု ယူဆသောကြောင့်မကျေနပ်ကြောင်း၊

(ခ ) နာဂအထွေထွေအတွင်းရေးမှူး ရူပီးငွေ ၁၂၀၀၀၀/–တိတိကို ၁၉၉၁ခုနှစ်၊ မတ်လတွင် ဥက္ကဌလက် သို့လွှဲပေး ကြောင်း၊ ၁၉၉၂–ခုနှစ်၊ ဖေဖေါ်ဝါရီလအထိ ဒု–ဥက္ကဌကိုသော်လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ကိုသော် လည်း ကောင်းအသိမပေးခဲ့ပေ။ မည်သည့်ကိစ္စအတွက်လက်ခံ၍ မည်ကဲ့သို့အသုံးပြုသည်ကို မည်သူမျှမသိကြောင်း၊ အဖွဲ့ အစည်းအတွင်း ဥက္ကဌအပေါ် အယုံအကြည်မရှိတော့ကြောင်း၊

(ဂ ) မိမိသဘောဖြင့် ကျောင်းသူ/သားတဦးအား ပညာသင်စရိတ်ထောက်ပံ့သည့်အချက်အား ၁၉၉၂–ခုနှစ် အထိမည်သူ တဦးတယောက်ကိုမျှတရားဝင်အသိမပေးပဲ မည်သူမည်ဝါဖြစ်ကြောင်းကိုလည်း ဖွင့်ဟမပြောကြောင်း၊

(ဃ ) ကုန်သည်များအား ပြန်ပေးဆွဲပြီး ငွေညှစ်တောင်းခံသည့်ကိစ္စ စသည်တို့ပါဝင်သည်။

ကဲဘိနက်အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၉၂–ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့တွင် ဥက္ကဌအပေါ် စွတ်စွဲချက်များ မှန်မမှန်စုံစမ်းစစ်ဆေးရန် Inquiry Commission အားအောက်ပါပုဂ္ဂိုလ်(၅)ဦးဖြင့် ဖွဲ့စည်း လိုက် သည်။

(၁) ပူး ဆန်လွှန်း ( ဥက္ကဌ)

(၂) ပူး တလွှန်လွဲ (အဖွဲ့ဝင်)

(၃) ပူး ဗန်ထောမ် (အဖွဲ့ဝင်)

(၄) ပူး စန်ပိုင် (အဖွဲ့ဝင်)

(၅) ဗိုလ်မှူး ဟရန်ဝုန်း (အဖွဲ့ဝင်) တို့ဖြစ်ကြသည်။

Commission ကလိုက်နာရမည့် စည်းကမ်းချက်များကို အောက်ပါအတိုင်းချမှတ်ရေးဆွဲခဲ့သည်။

(က) ကော်မီရှင် ဥက္ကဌနှင့်အဖွဲ့ဝင်နှစ်ဦးရှေ့မှောက်၌သာ အသိသက်သေများကို စစ်ဆေးမေးမြန်းရမည်၊

(ခ ) ကော်မီရှင်က သဘောတူမှုဖြင့် အသိသက်သေအသစ်ခေါ်ယူခြင်းနှင့် ရှိယင်းစွဲအသိသက်သေများကို ထုတ် ပယ် မှုများ ပြုလုပ်ရန်၊

(ဂ ) ဤကော်မီရှင်၌ ပါဝင်ပါတ်သက်ခြင်းဖြင့် တပ်ဦး၏လုပ်ငန်းများ မထိခိုက်စေရ၊

(ဃ ) ဤကော်မီရှင်သည် ၁၉၉၂–ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့ (တနင်္လာနေ့)မှစ၍ လုပ်ငန်းစတင်ရမည်၊

(င ) ကော်မီရှင်ဥက္ကဌသည် ဤစုံစမ်းစစ်ဆေးရေးကော်မီရှင်၏ လုပ်ငန်းပြီးဆုံးသည်အထိအချိန်ပြည့်တာဝန်ယူရမည်၊

ကော်မီရှင်သည်၎င်း၏ လုပ်ငန်းပြီးဆုံးသည့်အခါ အနီးစပ်ဆုံး ကဲဘိနက်အစည်းအဝေးသို့ တင်ပြသွား မည်ဖြစ်သည်။ Inquiry Commission သည် ကဲဘိနက်၏ပေးအပ်သော စုံစမ်းစစ်ဆေးရေးလုပ်ငန်းတာဝန်ကို ၂၉–၁၁–၁၉၉၂ ရက် နေ့က စတင် ဆောက်ရွက်ခဲ့သည်။ ၃၀–၁၂–၁၉၉၂ရက်နေ့တွင် ပူးဇော်ဂျာအား စစ်ဆေးမေးမြန်းခဲ့သည်။ ၎င်းကအသိ သက်သေအဖြစ် ပူးအင်ဒရူးငွန်ကျုံးလျန်အား ထွက်ဆိုခဲ့သည်။ ထိုအခါ ပူးဆန်လွှန်း ကော်မီရှင်ဥက္ကဌက ရဲဘော်အင် ဒရူးအား ၃၀– ၁၁–၁၉၉၂ ရက်နေ့ အိုင်ဇောလ်အရောက်လာရန် ဆင့်ခေါ်ခဲ့သည်။ ရဲဘော်အင်ဒရူးသည် ၂–၁၂– ၁၉၉၂ ရက်နေ့သို့ရောက်လာသောအခါ ပူးဇန်ထောမ်နှင့် ဗိုလ်မှူး ဟရန်ဝုန်းတို့က ကော်မီရှင်အ သိမပေးပဲ ကော်မီ ရှင်ဥက္ကဌက သူ့သဘောဖြင့် အင်ဒရူးအား ဆင့်ခေါ်သည်ဟု ကော်မီရှင်ကို စောဒကတက်ခဲ့သည်။ အမှန်တရား ပေါ် ထုတ်ရန်မိမိ တို့အားထုတ်နေစဉ် ကော်မီရှင်ဥက္ကဌက အဖွဲ့ဝင်များအသိမပေးပဲ တရားလို သက်သေအဖြစ် အင်ဒရူး ဆင့်ခေါ်ခြင်းသည် အမှုမှန်ပေါ်ထုတ်နိုင်မည်ဟု မယူဆခဲ့ပေ။ ထို့အပြင်၎င်း၏ လုပ်ရပ်အပေါ်မကျေနပ်ကြောင်းနှင့် ကော်မီရှင်မှနှုတ်ထွက်မည်ဟု ဖွင့်ဟပြောဆိုခဲ့သည်။

သို့ဖြစ်ရာ ကော်မီရှင်အနေဖြင့် ၎င်းတို့နှစ်ဦးအား အကယ်၍ ဥက္ကဌ ပူးဆန်လွှန်းအား ကော်မီရှင်ဥက္ကဌ အနေအထား မှနှုတ်ထွက်စေလျှင်သော်လည်းကောင်း၊ ဗိုလ်မှူး ဟရန်ဝုန်း၊ ပူး ဇန်ထောမ်နှင့် ပူးဆန်လွှန်းတို့ အား ကော်မီရှင်မှ နှုတ်ထွက်စေလျှင် သော်လည်းကောင်း၊ သို့မဟုတ် ရဲဘော်အင်ဒရူးဆက်လက်၍ မထွက်ဆိုစေလျှင် သော် လည်း ကောင်း၊ သို့မဟုတ် စုံစမ်းစစ်ဆေးရေးကော်မီရှင်အား ရုတ်သိမ်းပြီး အသစ်တဖန်ဖွဲ့စည်း၍ ဆက်လက်စုံစမ်းစစ် ဆေးခဲ့ သော် ကျေနပ်မှုရှိမည်လောဟူ၍ ပြတ်သားစွာမေးမြန်းသည့်အခါ ဗိုလ်မှူး ဟရန်ဝုန်းနှင့် ပူးဇန်ထောမ်တို့နှစ်ဦး စလုံး က မည်သို့မျှလက်မခံနိုင်ခဲ့ပေ။

အထက်အရာရှိနှစ်ဦးက ပိုလစ်ဗျူရို၌ ပြန်လည်သုံးသပ်ပြီး ၎င်းတို့၏ သဘောဆန္ဒအတိုင်းခံယူပါမည်ဟု ပြန်လည် ပြောဆိုသောကြောင့် ၎င်းညတွင်းချင်း ပူးတလုံလွဲနှင့် ပူး ဆန်လွှန်းတို့နှစ်ဦးသည် ဥက္ကဌထံသွားရောက်၍ အကြောင်း စုံကိုညှိပြီးနောက် အားလုံးသဘောတူညီခဲ့သည်မှာ ယခင်ကော်မီရှင်အတွင်း ဆက်လက်၍ လုပ်ငန်းအကောင် အ ထည် ဖေါ်ဆောင်ရန်ဖြစ်ပေသည်။

သို့သော် ၁၉၉၂–ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် လုပ်ငန်းပြန်လည်စတင်သည့်အခါ ပိုလစ်ဗျူရို၏ ညွှန်ကြားချက် အတိုင်း ပူးတလွှန်လွဲက ဥက္ကဌအဖြစ်ဆောင်ရွက်ရန်ရှင်းပြပြီးသည့်နှင့် တပြိုင်နက် ဗိုလ်မှူး ဟရန်ဝုန်းနှင့် ပူးဇန် ထောမ် က ယခင်အတိုင်း ကော်မီရှင်အပေါ်အယုံအကြည်မရှိသည့်အကြောင်းနှင့် ဤကော်မီရှင်မှ အမှန်တရားဖေါ် ထုတ်နိုင်လင့်ကစား အစက (၃)ဦးက မိမိအား မယုံသင်္ကာဖြစ်သည့်အတွက် မိမိပါဝင်ခဲ့လျှင် လိုချင်ကြမည်မဟုတ် ကြောင်းပြောဆိုခဲ့သည်။ နောက်တဖန် ဤပြဿနာ စတင်ပေါ်ပေါက်လာပုံနှင့် အဖြစ်အပျက်မှုမှန်မဟုတ်သည့် အ ချက်တွေ့သည့်အတွက် ဤကော်မီရှင်မှ ဗိုလ်မှူး ဟရန်ဝုန်းနှင့် ပူးဇန်ထောမ်တို့ နှုတ်ထွက်ကြောင်း ကြေညာကြပြီး ထွက်ခွာသွားကြသည်။ ဤသို့ဖြင့် ကော်မီရှင်အလုပ်ရပ်စဲသွားခဲ့သည်။

ဤသို့ဖြင့်တပ်ဦးခေါင်းဆောင်များအကြား စေ့စပ်ဖြေရှင်း၍ မရသည့်အခြေအနေသို့ တဖြည်းဖြည်းဆိုက် ရောက် သွားပါတော့ သည်။ နောက်ဆုံးတွင် တပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်သို့ချီတက်ရာ လမ်းကြောင်းအမှန်ပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရေးနှင့် အမျိုးသားရေးတာဝန်ဆက်လက်သယ်ပိုးနိုင်ရန် တပ်ဦး၏ ရပ်တည်ချက်မထိပါးစေရန် အလို့ငှါ အမျိုးသားအရေးပေါ်ကော်မီတီ ကိုချင်းအမျိုးသားတပ်ဦး၏ ၁၉၉၂–ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့ အစည်း အဝေးဆုံးဖြတ်ချက်အရ ချင်းအမျိုးသားတပ်ဦးပါတီ၏ ဥက္ကဌ ဦးငွန်ခေါ်ကိမ်ထန်းသည် ပါတီ၏စည်းမျဉ်းစည်းကမ်း များကို ဖျောက်ပျက်ကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိပါသဖြင့် ၎င်းအား အမျိုးသားလုံခြုံရေးအရေးပေါ်ကော်မီတီ၏ အားလုံး၏ သဘောတူညီချက်အရ ချင်းအမျိုးသားတပ်ဦးဥက္ကဌနှင့် ချင်းအမျိုးသားတပ်ဦး၏ အဖွဲ့ဝင်အဖြစ်မှရာသက်ပန် ထုတ်ပယ်လိုက်သည်။ ဆက်လက်၍ ချင်းအမျိုးသားပြည်သူလူထုတရပ်လုံး၏ ဘာဝ ကံကြမ္မာနှင့် သွေးစည်း ညီညွတ်မှု ကို ကာကွယ်သည့်အနေဖြင့် ၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလ(၉)ရက်နေ့ အိန္ဒိယစံတော်ချိန် ဝ၈း၃၈ းဝ၈နာရီတွင် ချင်းအမျိုးသားတပ်ဦးမှအောက်ပါပုဂ္ဂိုလ်များဖြင့် National Security Emergency Committee (NSEC) ကိုဖွဲ့စည်း လိုက်သည်။

အမျိုးသားလုံခြုံရေးအရေးပေါ်ကော်မီတီဝင်များ၊

Chin National Front – General Headquarters, Chinland

1. Mr. Roger. F. Biak Lian Thang - Chairman

2. Mr. Cang Peng - Member

3. Mr. Aron - Member

4. Mr. Sui Khar - Member

5. Major Zing Cung - Member

6. Captain Thomas - Member

8. Lieutenant That Ci - Member

7. Lieutenant Benjamin – Member

8. Lieutenant That Ci - Member

9. Lieutenant Thang Yen - Member

10. Mr. Khua Uk Lian - Member

ထိုသို့ဖွဲ့စည်းလိုက်ပြီးဖြစ်ရာ အောက်ပါအချက်နှစ်ခုကိုတာဝန်ယူဆောင်ရွက်ရန် ကတိပြုခဲ့သည်။ အမျိုးသား လုံခြုံ ရေးအရေး ပေါ်ကော်မီတီ၊ ချင်းအမျိုးသားတပ်ဦးဖွဲ့စည်းချိန်မှစ၍ ချင်းအမျိုးသားတပ်ဦးပါတီ၏ အာဏာအရပ် ရပ်နှင့် လုပ်ငန်းတာဝန်အရပ်ရပ်ကို ၎င်းအရေးပေါ်ကော်မီတီမှ လက်လွှဲယူဆက်လက်တာဝန်ယူဆောင်ရွက်ရမည်။ အမျိုး သားလုံခြုံရေးအရေးပေါ်ကော်မီတီ၊ ချင်းအမျိုး သားတပ်ဦးသည် ပါတီညီလာခံကို အမြန်ဆုံးခေါ်ယူကျင်းပပြီး ပါတီ၏ အာဏာအရပ်ရပ်နှင့်လုပ်ငန်းတာဝန်အရပ်ရပ်ကို ပါတီညီလာခံ သို့ ပြန်လည်လွှဲအပ်ရမည်။ အမျိုးသားလုံခြုံရေး အရေးပေါ်ကော်မီတီ၏ ပထမအကြိမ်အစည်းအဝေးကို ပါတီဗဟိုဌာနချုပ် ဟိုဆနား တွင် ၂၈–၁–၁၉၉၃ ရက်နေ့၌ ပြုလုပ်ခဲ့ကြသည်။ ဗိုလ်ထန်ယဲန်းနှင့် ဗိုလ်ထပ်ကြီးတို့ကလွဲ၍ အဖွဲ့ဝင်အားလုံးတက် ရောက်နိုင်ကြပါသည်။ ဤအ စည်းအဝေးတွင် တပ်ဦး၏လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရန်အတွက်–

(၁) ပြည်သူ့ရေးရာနှင့် ပါတီရေးရာကော်မီတီ

(၂) ဘဏ္ဍာရေးကော်မီတီ

(၃) ကာကွယ်ရေးကော်မီတီ

(၄) သံသမန်ရေးရာကော်မီတီ

(၅) ပါတီညီလာခံကျင်းပရေးကော်မီတီနှင့်

(၆) အထွေထွေရေးရာ စသည်ဖြင့် အသီးသီးဖွဲ့စည်းပေးခဲ့သည်။

ထို့အပြင်အရံပါတီဝင်များ၊ တင်းပြည့်ပါတီဝင်များဆိုင်ရာနှင့် ချင်းအမျိုးသားတပ်မတော်မှ အကြပ်တပ်သား၊ အရာရှိ များဆိုင်ရာ မူဝါဒသဘောထားများချမှတ်ခြင်း၊ ဘဏ္ဍာငွေရှာဖွေရေးကိစ္စ၊ တပ်အနေအထား၊ နိုင်ငံခြားရေးရာကိစ္စနှင့် ပါတီညီလာခံကိစ္စများ ဆိုင်ရာ မူဝါဒသဘောထားများချမှတ်ခြင်းနှင့် လုပ်ငန်းခွဲဝေခြင်းများပြုလုပ်ခဲ့ကြသည်။ အမျိုး သားလုံခြုံရေးအရေးပေါ်ကော်မီတီဖွဲ့စည်းခဲ့စဉ်က ပေးထားခဲ့သည့် ကတိကဝတ်များအတိုင်း တပ်ဦး၏ ပါတီညီ လာခံ ကို (၆)လအတွင်းကျင်းပပြုလုပ်ပြီး အာဏာအရပ်ရပ်နှင့် လုပ်ပိုင်ခွင့်များကို ပါတီညီလာခံသို့ ပြန် လည်လွှဲ ပြောင်း ပေး မည်ဖြစ်ရာ ၁၉၉၃ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျင်းပပြုလုပ်သော အမျိုးသား

Chin National Front – General Headquarters, Chinland

လုံခြုံရေး အရေး ပေါ်ကော်မီတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ပါတီညီလာခံကျင်းပရေးဆိုင်ရာမူဝါဒကို အောက်ပါ အတိုင်း ချမှတ်ခဲ့သည်။

(က) ချင်းလူမျိုးအားလုံးလွှမ်းခြုံကိုယ်စားပြုသော ညီလာခံဖြစ်မြောက်ရေး၊

(ခ ) ပါတီနှင့်အဖွဲ့အားလုံးတို့၏ လိုအပ်ချက်အဝဝကို ကိုယ်စားပြုသည့် ညီလာခံဖြစ်မြောက်ရေးတို့ဖြစ်သည်။

ဤ မူဝါဒများနှင့်အညီ အမျိုးသားလုံးခြုံရေးအရေးပေါ်ကော်မီတီ၏ ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက် (၂၅) (၂)အရ ညီလာခံအား မတ်လ(၃၀)ရက်နေ့၌ကျင်းပပြုလုပ်ရန်ဖြစ်သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ၁၉၉၃ ခုနှစ်၊ ဇွန်လ (၉–၁၆) အတွင်းပါတီဗဟိုဌာနချုပ်၌ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ၁၆၊ ၆၊ ၁၉၉၃ရက်နေ့တွင် ပါတီညီလာခံ သို့ အာဏာအရပ်ရပ်နှင့် လုပ်ပိုင်ခွင့်အရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းလိုက်သည်။